#ဒွန်ဘော့စကို၏ ဆလေးရှင်းများ

| | |
|---|---|
| အသင်းဂိုဏ်း၏ တရားဝင် အမည် | - ရဟန္တာ ရှင်ဖရန်စစ် ဒီဆေးလ်၏ အသင်းဂိုဏ်း |
| အသင်းဂိုဏ်း၏ လူသိများသောအမည် | - ဒွန်ဘော့စကို၏ ဆလေးရှင်းများ (SDB) |
| အသင်းဂိုဏ်းတည်ထောင်သည့်နေ့ | - ၁၈ ၊ ဒီဇင်ဘာလ ၁၈၅၉ |
| အသင်းဂိုဏ်းတည်ထောင်သူ | - ရဟန္တာ ရှင်ဂျွန်ဘော့စကို |
| ဆလေးရှင်းအသင်းသားဦးရေ | - ၁၄၄၈၆ (၁၄၀၅၆ ကိုရင်လောင်းများနှင့် ဆရာတော်များ မပါဝင်) |
| နိုင်ငံပေါင်း | - ၁၃၃ နိုင်ငံ |
| အသင်းဂိုဏ်းရှိ နယ်ပယ်များ | - ၇ |
| နယ်စီးဒေသများ | - ၉၀ |
| ဆလေးရှင်းမိသားစုဝင်အဖွဲ့အစည်းများ | - ၃၂ |

ကျွန်ုပ်တို့သည် မည်သူများဖြစ်ကြသနည်း။

ဒွန်ဘော့စကို၏ ဆလေးရှင်းများဖြစ်ကြသော ကျွန်ုပ်တို့သည် ၁၉ ရာစုနှစ်မှာ ရှင်သန်ခဲ့သည့် ပညာ ပေးသူ ဘုန်းတော်ကြီး ရဟန္တာ ရှင်ဂျွန်ဘော့စကိုမှ တည်ထောင်ထားသော သူတော်စင်အသင်းဂိုဏ်းတစ်ခု ဖြစ်ပါသည်။ အသင်းဂိုဏ်း၏ တရားဝင်အသိမှတ်ပြုထားသော အမည်မှာ ဆေးလ်မြို့သား ရဟန္တာ ရှင်ဖရန်စစ်၏ အသင်းဂိုဏ်း ဖြစ်သည်။ ဆလေးရှင်းအသင်းဂိုဏ်းကို ပုပ်ရဟန်းမင်းကြီး အသိမှတ်ပြုထားသော လူငယ်တမန်တော် လုပ်ငန်းများ ဆောင်ရွက်သည့် ရဟန်းကိုရင် သူတော်စင်အသင်းဂိုဏ်းအဖြစ် ကက်သလစ် သာသနာတော်အတွင်း၌ တရားဝင် အသိမှတ်ပြုထားသည်။ ကျွန်ုပ်တို့သည် အမျိုးသား သူတော်စင် အသင်းဂိုဏ်းဖြစ်ပြီး ခရစ်ယာန် မေတ္တာလမ်းစဉ်နှင့်အညီ ချမှတ်ထားသော တမန်တော်လုပ်ငန်းများ၊ သာသနာ့ လုပ်ငန်းဆောင်တာများ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော လူငယ်များအတွက် ပညာပေး အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိတို့အသက်တာအား အစေခံလျှက် ပူဇော်အပ်နှံထားသူများဖြစ်ကြသည်။

ကျွန်ုပ်တို့ အမှုတော်ထမ်းသည့် တိုင်းနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လက်ခံကျင့်သုံးလျှက် နိုင်ငံအတွင်း နေထိုင်သူ လူများအား သိမှတ်နားလည်ရန်နှင့် ထိုသူတို့၏ ယဉ်ကျေးမှုများအား ကြိုဆိုလက်ခံကာ ဧဝံဂေလိတရားတော်ကို ဆောင်းကျဉ်းဖြန့်ဝေပေးကြသည်။ လူငယ်များ၏ လိုအပ်ချက်များနှင့် ကာလံ ဒေသအလိုက် လိုအပ်မှုများကို ရှေ့ရှုလျှက် သာသနာတော်နှင့်အတူ သာသနာအတွင်း၌ သိုးထိန်းတမန်တော် လုပ်ငန်းများကို ဆောင်ရွက်ကြကာ ပို၍ တရားမျှတပြီး ညီရင်းအစ်ကိုပမာ ချစ်ခင်ပျော်ရွှင်ဖွယ်ကောင်းသော ကမ္ဘာသစ်တစ်ခုကို ခရစ်တော်၌ ဦးတည် ဖန်တီးပေးရန် ကြိုးစားလျှက်ရှိသည်။ ကျွန်ုပ်တို့ ဆလေးရှင်းများသည် ကမ္ဘာနှင့် အဝှမ်း နိုင်ငံပေါင်း (၁၃၃) နိုင်ငံ၌ လူငယ်များအတွက် အကျိုးပြုလုပ်ငန်းများထမ်းရွက်နေကြသည်။

ဆလေးရှင်းများသည် မြန်မာနိုင်ငံသို့ ၁၉၃၉ ခုနှစ်မှစ၍ ဝင်ရောက်လာကာ လူငယ်တမန်တော်လုပ်ငန်းများ သယ်ပိုးနေကြသည်။ ဆလေးရှင်းလုပ်ငန်းများသည် တစ်နေ့တစ်ခြား ကျယ်ပြန့်တိုးပွားလျှက်ရှိကာ အကျိုးရလဒ်အနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ သာသနာပေါင်း (၅) ခုတွင် တည်ရှိနေကြပြီး ဘုရားကျောင်း စီရင်စုများ၊ ဘော်ဒါကျောင်းများ၊ လူငယ်အသက်မွေးပညာသင်ကျောင်းများနှင့် တမန်တော် လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိကြသည်။ မြန်မာနိုင်ငံ ဆလေးရှင်းအသင်းဂိုဏ်းအတွင်း၌ လက်ရှိတွင် ကာဒီနယ် ရဟန်းအမတ် (၁) ပါး၊ သာသနာပိုင် ဂိုဏ်းအုပ် ဆရာတော် (၁) ပါး၊ ကိုရင်လောင်း (၈)ပါး တို့ အပါအဝင် အသင်းသား ဦးရေ (၆၈) ဦး အရေအတွက်အားဖြင့် ရှိပါသည်။

လိပ်စာ။ ။

Don Bosco Provincial House
စိန့်ဂျိုးဇက်၊ ဘူတာလမ်း၊
အနီးစခန်း၊ပြင်ဦးလွင်မြို့။
Pho; (+95) 09 5150758
Email: donboscomym@gmail.com; socom.dbmym@gmail.com

## THE SALESIANS OF DON BOSCO (MYANMAR)

- *Official title:* Society of Saint Francis de Sales
- *Alternative title:* Salesians of Don Bosco (SDB)
- *Date founded:* 18 December 1859
- *Founder:* Saint John Bosco
- *Salesians:* 14,486 (14,056 without novices and bishops)
- *Nations:* 133
- *Regions:* 7
- *Provinces:* 90
- *Groups in the Salesian Family:* 32

### Who are we?

We, ***the Salesians of Don Bosco (SDB),*** founded by St. John Bosco, a nineteenth Italian priest and educator, but officially known as ***the Society of Saint Francis de Sales***, are recognized in the Church as a clerical religious institute of pontifical right, dedicated to apostolic works. We are a male religious congregation dedicated to apostolic and missionary activity and to the many works that Christian charity has given rise to, but above all at the service of young people, especially the poorest and most abandoned.

Open to the cultural values of the countries in which we work, we try to understand them and welcome their values, to embody the message of the Gospel. The needs of young people and popular groups, the desire to act with and in the Church's name move and guide our pastoral action for the advent of a more just and more

fraternal world in Christ. We are effectively present in 133 countries.

The Salesians have been in Myanmar since 1939. Salesian activity broadly expanded in reach that, as a positive consequence of this expansion, we are actively present in 5 dioceses in Myanmar, running parishes, boarding houses, training centres and other apostolic activities. We are, at the present, 68 in number, including 1 Cardinal, 1 Bishop, and 8 novices.

**Address:**

**Salesians of Don Bosco-Myanmar**

Don Bosco Provincial House

St. Joseph, Railway Station Road,

Anisakan, Pyin Oo Lwin, Myanmar.

Pho; (+95) 09 5150758

**Email: donboscomym@gmail.com; socom.dbmym@gmail.com**